
http://www.dhammadownload.com




# လောကဓမ်ကို ရင်ဆိုင်နိုင်ဖို့ စွမ်းအားများ



သာမဏေကျော်

http://www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း

အဖုံးနှင့် ● ဒေါင်သုခ

အတွင်း ပုံနှိပ်၊ စာအုပ်ချုပ်၊
Riso၊ မိတ္တူနှင့်
စက္ကူရောင်းဝယ်ရေးလုပ်ငန်း။

အုပ်ရေ ● ၂၀၀၀

တန်ဖိုး ● ၁၅၀ ကျပ်

ထုတ်ဝေသူ ● ဦးလှဝင်း(၁၃၈၂)
သာမဏေကျော်စာပေ

**ဖြန့်ချိရေး**

သာမဏေကျော်စာပေ
သာမဏေကျော်မဟာဂန္ဓာရုံကျောင်းတိုက်
(လော်ကားဥယျာဉ်အနီး)မှော်ဘီမြို့နယ်၊
ရန်ကုန်တိုင်း။ ဖုန်း၀၁-၇၀၉၆၈၀၊ ၀၉-၇၃၀၈၂၃၆၉

http://www.dhammadownload.com



# တော၏ ဘုရင်

ယုန်ကလေးကို နိုင်ရုံမျှဖြင့် ခြင်္သေ့ကို တော၏ ဘုရင်ဟု ဆိုချင်ကြမည် မဟုတ်။ ဆင်, ကျား တို့လို အကောင်ကြီးကြီးတို့ကို နိုင်အောင် လုပ်နိုင်မှ တော၏ ဘုရင်ဟု သမုတ်ချင်ကြပေမည်။

အသေးအမွှားလောကဓမ်တို့ကို ခံနိုင်ရည် ရှိရုံမျှဖြင့် အာဇာနည်ဟု ချီးမွမ်းကြမည် မဟုတ်။ ကြီးကြီးမားမား အပြင်းစားလောကဓမ်တို့ကို ခံနိုင်မှသာ အာဇာနည်ဟု ကောင်းချီးသြဘာ ပေးကြပေလိမ့်မည်။

# တိုး၍ တိုး၍

တိုး၍ တိုး၍ ဆိုးလာသော လောကဓမ်တို့ကို သတ္တိတွေ တိုး၍ တိုး၍ ရင်ဆိုင်ပါ။ လျော့၍ လျော့၍ ပျော့၍ ပျော့၍ ရင်မဆိုင်ပါနှင့်။

http://www.dhammadownload.com



## အာဇာနည်

အုံ့ညြဖွယ်ကောင်းလောက်အောင် တစ်မျိုးပြီး တစ်မျိုး တိုး၍ တိုး၍ ဆိုးလာသော လောကဓံ တို့ကြောင့် သင်သည် ကျရှုံးမှုတို့ကို ရယူမည် လော။ အောင်မြင်မှုတို့ကို ရယူမည်လော။ အာဇာနည်တို့သည် အောင်မြင်မှုကို ရယူကြမြဲ ဖြစ်၏။

## အဆိုးဆုံး

အဆိုးလောကဓံကို အဆိုးဆုံး ခံဖူးမှသာ အ ရင့်ကျက်ဆုံး အရည်အသွေးကောင်းကို ရနိုင် သည်။

## မယိုင်လဲက

လောကဓံအတွန်းအတိုက်တွေ မုန်တိုင်းထန် ချင်သလောက် ထန်နေပါစေ။ စိတ်ဓာတ် မယိုင်လဲပါက အောင်ပွဲခံရမည်သာ။

http://www.dhammadownload.com


## အောင့်မှ

အောင့်သင့်တဲ့နေရာမှာ အောင့်မှပဲ ကောင်းကျိုးရစမြဲ။

## ပုတ်ပါစေ၊ လုပ်ပါလေ

လောကဓမ်လှိုင်းတွေ ဘယ်လောက်ပဲ ပုတ်ပုတ်, ကိုယ့်အလုပ် ကိုယ်လုပ်ဖို့ပါပဲ။

## ဘောလုံး

'ငါ့ဘဝက ဘောလုံးလိုပဲ၊ ပုတ်လေ မြင့်လေ' တဲ့။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးက မိန့်တော်မူခဲ့၏။ ကျေနပ်စရာ ကောင်းလိုက်တာ။ အားကျစရာ ကောင်းလိုက်တာ။

## ခေါင်းထုပြီးမှ

ဘုန်းကြီးကို ခေါင်းထုပြီးမှ နောင်တရခြင်းထက် မထုခင်က ရှုဆင်ခြင်နိုင်မှုသာ မြတ်နိုးစရာ ဖြစ်ပါ၏။

http://www.dhammadownload.com



## ရန်သူ

ပြင်ပရန်သူတွေထက် ကိုယ့်အတွင်းက လောဘစသော ရန်သူတွေကို ပိုပြီး ကြောက်ရမယ်။ ပြင်ပရန်သူကို ဂရုမစိုက်ဘဲ အတွင်းရန်သူကို ဂရုစိုက်ရမယ်။ အတွင်းရန်သူက ပိုပြီး ဒုက္ခပေးတတ်လို့ပါပဲ။

## ဘဝဗိသုကာ

အေးချမ်းသော စိတ်ကလေးတွေသည် အေးချမ်းသော ဘဝကို တည်ဆောက်ပေးသည်။

## မုန်တိုင်း

ပြင်းထန်စွာ တိုက်ခိုက်လာသော လောကဓမ်၏ မုန်တိုင်းတို့သည် တည်ငြိမ်အေးချမ်းသော စိတ်ထားပိုင်ရှင်ကို မတုန်လှုပ်စေနိုင်ကုန်။

## ဗုဒ္ဓ

အကောင်းဆုံး စိတ်ထားအားလုံးကို ပိုင်ဆိုင်သော ပုဂ္ဂိုလ်ကို 'ဗုဒ္ဓ = ဘုရား' ဟု ခေါ်ပါသည်။

http://www.dhammadownload.com



## အေးအေးချမ်းချမ်း

ကိုယ့်စိတ်လေးကို တရားရှုမှတ်မှု သတိပဋ္ဌာန်ဖြင့်ဖြစ်စေ, ဘုရားဂုဏ်တော်တွေကို အာရုံပြုမှု ဗုဒ္ဓါနုဿတိဖြင့်ဖြစ်စေ, မေတ္တာပွားမှုဖြင့်ဖြစ်စေ,မရဏဿတိ စသော ဘာဝနာတစ်ခုခုဖြင့်ဖြစ်စေ, အေးချမ်းတည်ငြိမ်နေအောင် အထပ်ထပ် လေ့ကျင့်, လေ့ကျင့်ပေးရင် အရာရာကို အေးအေးချမ်းချမ်း, တည်တည်ငြိမ်ငြိမ်, ချမ်းချမ်းသာသာ, ရွှင်ရွှင်ပျပျနဲ့ ရင်ဆိုင်နိုင်သွားပါလိမ့်မယ်။

## မာရ်နတ်

ဘုရားရှင်တိုင်း ဘုရားဖြစ်ခါနီးမှာ မာရ်နတ်နှောက်ယှက်ခံရတာဟာ ဓမ္မတာပါပဲ။

နှောက်ယှက်ခံရလေလေ အောင်မြင်မှုပန်းတိုင်နဲ့နီးလေလေ ဖြစ်တတ်ပါတယ်။

http://www.dhammadownload.com



## အာရုံပြု ကြည်ညို

ဘုရားရှင်သည် အကောင်းဆုံးစိတ်ထားပိုင်ရှင် ဖြစ်ပါ၏။ ဘုရားရှင်၏ စိတ်ထားတို့ကို အာရုံပြု ကြည်ညိုကာ အတုယူကျင့်သုံးပါလျှင် စိတ်ထားကောင်းသူ ဖြစ်လာမှာ သေချာပါ၏။

## စိတ်ကောင်းလေး

ဘယ်လောက်ပဲ ဂုဏ်ဒြပ်တွေ ကြီးကျယ်ကြီးကျယ်, ဘယ်လောက်ပဲ အရှိန်အဝါတွေ ကြီးကျယ်ကြီးကျယ် စိတ်ကောင်းလေး မရှိရင်တော့ အချည်းနှီးပါပဲ။

## အကူအညီ

စိတ်ကောင်းလေးသည် မိဘ, ဆွေမျိုးတွေ အကူအညီပေးနိုင်တာထက် ပိုလွန်ကာ အကူအညီ ပေးတတ်ပါ၏။

http://www.dhammadownload.com



## မွေးမြူရမယ့် စိတ်ထား

'စိတ်ကောင်းမရှိသူတွေထဲမှာ ငါဟာ
စိတ်ကောင်းရှိသူ ဖြစ်အောင် ကြိုးစားမည်။
စိတ်ကောင်းနဲ့ အဆင့်မြင့်နေရာသို့
တက်လှမ်းမည်။'
ဤသို့သော စိတ်ထားကို မွေးမြူရပါ၏။

## ပန်း + မစင်

စိတ်ကောင်းရှိသူကို လူတွေက မွှေးကြိုင်
သည့် ပန်းလေးပမာ ချစ်ခင်ကြ၏။
စိတ်ထားမကောင်းသူကို လူတွေက မစင်ပမာ
ရွံမုန်းကြပါ၏။
**ပန်းလေးလို မြတ်နိုးစရာ စိတ်ကောင်းပိုင်ရှင်
ဖြစ်သင့်ပါ၏။**
မစင်လို စက်ဆုပ်ရွံရှာဖွယ် စိတ်ညံ့ပိုင်ရှင် မ
ဖြစ်သင့်ပါ။

http://www.dhammadownload.com



## နေရာတကာမှာ

စိတ်ကောင်းလေး, စိတ်မြတ်လေးတွေကို နေရာတကာမှာ မွေးမြူမွေးမြူကြည့်ပါ။

## စိတ်ကောင်းလေးတွေမှ

သိစရာအားလုံးကို သိနိုင်သော အရည်အသွေးသည် အကောင်းဆုံး, အဆင့်အမြင့်ဆုံး စိတ်အရည်အသွေး ဖြစ်ပါ၏။

သူတစ်ပါးစိတ်ကို သိနိုင်သော စွမ်းရည်, မြေလျှိုး မိုးပျံနိုင်သော စွမ်းရည်, ရေပေါ် လမ်းလျှောက်သွားနိုင်သော စွမ်းရည်, အတိတ်ဘဝတွေကို ပြန်အောက်မေ့နိုင်သော စွမ်းရည်, အနာဂတ်ဘဝတွေကို လှမ်းအောက်မေ့နိုင်သော စွမ်းရည် စသော စိတ်စွမ်းရည် အထူးတို့သည် စိတ်ကောင်းလေးတွေများစွာမှ ပေါက်ဖွားလာခြင်း ဖြစ်ပါ၏။

http://www.dhammadownload.com


## မလုပ်ချင်တာ လုပ်မှ

သူတစ်ပါး မလုပ်ချင်သော အလုပ်ကောင်းကို လုပ်နိုင်မှ သူတစ်ပါး မရနိုင်သော ကောင်းကျိုးတို့ကို ရနိုင်သည်။

## ငါဟာ ပဋမ

အများစုပေါင်းပြီး အလုပ်လုပ်ရာ၌ 'အဟံ ပဋမံ, အဟံ ပဋမံ = ငါဟာ ပဋမ၊ ငါဟာ ပဋမ' လို့ နှလုံးသွင်းကာ ဦးစွာ ပြုလုပ်သူသည် အကျိုးရရာ၌လည်း ပဋမတန်းစား အကျိုးကို ရရှိပါပေ၏။

## အကြောင်းကြောင့် အကျိုး

သူများ မထားနိုင်တဲ့ စိတ်ကောင်းလေးကို ထားရှိနိုင်ပါလျှင် သူများ မရရှိနိုင်သော ကောင်းကျိုးတွေကို ရရှိပါလိမ့်မည်။

http://www.dhammadownload.com


## အုတ်

အုတ်တိုက်တစ်လုံးကို အုတ်ခဲပေါင်းများစွာဖြင့် တည်ဆောက်ရ၏။

အောင်မြင်မှုတစ်ခုကို ဇွဲပေါင်းများစွာဖြင့် တည်ဆောက်ရ၏။

## ဇွဲ

အခက်အခဲသည် ဇွဲကို အကဲစမ်းသောအရာ ဖြစ်၏။

တကယ့်ဇွဲကို အခက်အခဲမှန်သမျှ ဆလံတင်ကြရ၏။

## တီထွင်မှု

တီထွင်မှုတစ်ခုသည် မအောင်မြင်ခင် လူအများအမြင်တွင် အမှိုက်အသွင်တည်း၊ တန်ဖိုးမဲ့နေတတ်၏။

အောင်မြင်သွားသောအခါ ရွှေထက်မက တန်ဖိုးကြီးမားသွားလေတော့၏။

http://www.dhammadownload.com


## မြေကြီးနဲ့ မိုးပေါ်မှာ

တီထွင်မှုတစ်ခုသည် မအောင်မြင်ခင် မြေကြီးမှာ ပြားနေအောင် ဝပ်နေရရှာ၏။ အောင်မြင်သွားသောအခါ မိုးပေါ်မှာ အလံတလူလူ ထူနေပါတော့သည်။

## ဖျာ

စနစ်သစ်, စနစ်ကောင်းတစ်ခုသည် အောင်မြင်မှု သရဖူ မဆောင်းနိုင်သေးသမျှ အထုအထောင်း, အတွန်းအထိုး, အကန်အကြောက်, အရှုံ့အမဲ့ တို့ကို ခံယူရပေဦးမည်။ သရဖူဆောင်းနိုင်လျှင်မူကား ဖျာလိုလိပ်၍ ထိပ်ပေါ်တင်ထားကြပေလိမ့်မည်။

## ဖူးဖူး မှုတ်

မအောင်မြင်ခင် ကဲ့ရဲ့ရှုံ့ချအပြစ်တင်တတ်ကြသော်လည်း အောင်မြင်လာသောအခါ၌မူ ထိုသူတို့ကပင် ဖူးဖူးမှုတ်ကြပြန်လေ၏။ ဩော်--လောက။ လောက။

http://www.dhammadownload.com


## အရေးကြီး, မကြီး

လောကကြီးက မိုးမွှန်အောင်, မောအောင် အပြစ်တွေ ပြောနေကြပါစေ၊ အရေးမကြီးပါ၊ ဂရုစိုက်စရာ မလိုပါ။ အရေးကြီးတာက ကိုယ့်မှာ အပြစ်ကင်းအောင် နေဖို့ပါပဲ။

## ကျေးဇူးရှင်

အပြစ်မြင်ပြီး အပြစ်တင်နေကြသူတို့ကြောင့် သင့်ကြိုးစားမှုတွေ ပိုမို တိုးပွားကာ အောင်ပွဲတွေခံနေရလျှင် ထိုသူတို့ကို ကျေးဇူးရှင်တွေဟု ရှုမြင်သင့်သည်။

## အလင်းတန်းလေး

ကိုယ့်အပေါ် မကောင်းမြင်, အပြစ်ပြောပြီး နေကြသူတွေထဲမှာ အကောင်းမြင်ပြီး အပြစ်မတင်သူကား အမှောင်ထုကြီးထဲက အလင်းတန်းလေးသဖွယ် ဖြစ်နေပါ၏။

http://www.dhammadownload.com


## သရဖူ

သင့်ဘဝ ပျက်စီးရာပျက်စီးကြောင်းတွေကို **အမျိုးမျိုးအဖုံဖုံ နည်းမျိုးစုံအောင် လုပ်ဆောင်** နေကြသူတွေကို သူတော်ကောင်းသတ္တိဖြင့် အနိုင်ယူစမ်းပါ။ အောင်မြင်မှု သရဖူကို ဆောင်းရပါလိမ့်မည်။

## မွှေးကြိုင်

မလိုလားသူတွေက အပုပ်ချနေကြသော်လည်း ကိုယ့်အလုပ်ကို စွဲမြဲစွာ မှန်မှန် လုပ်နေသူသည် သင်းပျံ့မွှေးကြိုင် ရနံ့ လှိုင်နေပါသည်။

## မှန်ပါစေ

သင့်လုပ်ရပ်သာ မှန်ပါစေ၊ သင့်အပေါ် အပြောများ, အမြင်များတို့သည် အမြန်ပဲ အမှန်ပဲ ငုတ်လျှိုးချုပ်ကွယ် သွားကြပါလိမ့်မည်။

http://www.dhammadownload.com


## ကြက်ပျောက် ငှက်ပျောက်

လုပ်ရပ် မှန်၍ သတ္တိရှိသူကို အတိုက်အခိုက် တို့သည် ကြာကြာ ရင်မဆိုင်ရဲကြပါ။
မကြာခင်ပင် ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွားကြပါလေ၏။

## အနိစ္စ

ကဲ့ရဲ့တာလဲ အနိစ္စ၊ ချီးမွမ်းတာလဲ အနိစ္စ၊ ဆိုးတာလဲ အနိစ္စ၊ ကောင်းတာလဲ အနိစ္စ၊ အားလုံး အားလုံး အနိစ္စ။

## မဆိုင်

မဆိုင်သလို နေရင် မဆိုင်ဘဲ ဖြစ်သွားတတ်သည်။

## အကဲစမ်း

လောကဓမ်တို့သည် သင့်ရဲ့ အစွမ်းသတ္တိကို အကဲစမ်းတတ်ကြပါ၏။
အစွမ်းသတ္တိရှိသူတို့ကား လောကဓမ်ကို စိန်ခေါ်ရဲကြပါ၏။

http://www.dhammadownload.com

## ကျီစားတတ်

သင့်သတ္တိ ညံ့လေမလားလို့ လောကဓံတွေက စမ်းသပ်ကာ ပြောင်လှောင်ကျီစားတတ်ကြပါ၏။ မျက်လုံး ပြူးပြဲပြီးလည်း ခြောက်လှန့်တတ်ကြပါ၏။ သင် သတ္တိကောင်းလျှင် ဟား မပြောင်လှောင်, မကျီစားရဲကြတော့၊ မခြောက်လှန့်ရဲကြတော့ပါ။

## အထု အထောင်း

လောကဓံရဲ့ အထုအထောင်းကို ကောင်းကောင်းကြီး ခံနိုင်သူသည် လောကအောင်ပွဲ အလီလီကို ဆင်နွှဲရမည် ဖြစ်၏။

## လေပြေ

မုန်တိုင်းထန်ပြီးလျှင် လေပြေလေညှင်း လာသလို အဆိုးလောကဓံတွေ လာပြီးလျှင် အကောင်းလောကဓံတွေလည်း လာကြစမြဲပင်။

## စကားလေး

ပညာမဲ့သူတွေရဲ့ စကားခွန်းပေါင်း တစ်သိန်း၊ တစ်သန်းထက် ပညာရှိသူတော်ကောင်းရဲ့ စကားလေးတစ်ခွန်းက အဆပေါင်း တစ်သိန်း၊ တစ်သန်းမက သာလွန်မြင့်မြတ်လှပါ၏။

## တစ်ခွန်း၏ စွမ်းအား

စကားလေးတစ်ခွန်းကြောင့် ဘဝခရီးလမ်း ဖြောင့်တန်းပြီး ပန်းတိုင် ရောက်သွားသည်လည်း ရှိ၏။

စကားလေးတစ်ခွန်းကြောင့် ဘဝခရီးလမ်း တိမ်းစောင်းသွားပြီး ပန်းတိုင် ပျောက်သွားသည်လည်း ရှိ၏။

စကားလေးတစ်ခွန်း၏ စွမ်းအားကား ကြီးမားလှပါ၏။

http://www.dhammadownload.com

## ပန်းတိုင်

ကိုယ့်ကို လက်မြှောက်, ဒူးထောက်အောင် ဝိုင်း၍ လောကကြီးက လုပ်ကြသော်လည်း လက် မမြှောက်, ဒူး မထောက်ဘဲ ရဲစွမ်း သတ္တိအပြည့်နဲ့ ခရီးလမ်း ဆက်လက်လျှောက် လှမ်းပါမှ ကိုယ့်ကို ပန်းတိုင်က လှိုက်လှဲစွာ ကြိုဆိုနေမည်သာ။

## လမ်းသစ်

လမ်းသစ်သည် တို၍ လိုရာကို လျင်မြန်စွာ ရောက်စေနိုင်သည် မှန်သော်လည်း အခက် အခဲ, အတားအဆီး, အပိတ်အဆို့တို့ ဝိုင်းရံ ခ၍ နေတတ်ပါ၏။ လမ်းသစ်၏ တန်ဖိုး, အ ကျိုးကို သိမြင်နားလည်သူတို့ တစ်စတစ်စ တိုးလာကာ လမ်းသစ်ပေါ်မှာ လူတွေ ကြိတ် ကြိတ်တိုးကာ အလုအယက် လျှောက်လှမ်း လာကြပါလိမ့်မည်။ ထိုအချိန်ကာလသည် မ ဝေးတော့ပါ။

http://www.dhammadownload.com


## နှစ်ကျပ်

'ဘုန်းကြီးတို့ကို တစ်ကျပ်ဖိုး လှူရင် ဘုန်းကြီးတို့က နှစ်ကျပ်ဖိုး အလုပ်လုပ်ရမယ်' တဲ့။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးက မိန့်တော်မူခဲ့၏။ ဘယ်လောက် ကောင်းလိုက်ပါသလဲ။

## နောက်တန်း

လိုချင်မက်မောမှုကို ရှေ့တန်းတင်သူတို့သည် ကျေးဇူးရှင်တို့၏ ကျေးဇူးတို့ကို ရှေ့ တန်းမထားနိုင်ကြဘဲ နောက်တန်းသို့ ပို့ထားကြပါလေ၏။

## မိဘမေတ္တာ

သားသမီးက မိဘကို စိတ်ဆင်းရဲအောင် ဘယ်လောက်ပဲ လုပ်လုပ်၊ မိဘကတော့ သားသမီးကို စိတ်ချမ်းသာစေချင်နေတာပဲ။ အံ့သြစရာ မိဘမေတ္တာပဲ။

http://www.dhammadownload.com


## ကြိုးပွားမှု

ကြောင့်ကြမှ ကြီးပွားသည်။

## ရဲရင့်သူ

ဝီရိယရှိမှ ဝီရ ဖြစ်တယ်။ ဝီရဆိုတာ ရဲရင့်သူပဲ။ ကြိုးစားမှု, လုံ့လ, ဝီရိယရှိမှ ရဲရင့်တယ်။ မရှိရင် ရွံ့တယ်။

## ကြိုးစားမှု

သင့်ရဲ့ ကြိုးစားမှုက သင်တစ်ဦးရဲ့ တစ်ဘဝတာအတွက် အားကိုးလောက်သလား၊ အခြားသူတစ်ဦးတစ်ယောက်အတွက်ပါ အားကိုးလောက်သလား၊ အခြားသူ (၁၀) (၁၀၀) စသည်အတွက်ပါ အားကိုးလောက်သလား၊ လူသားအားလုံးရဲ့ အားကိုးရာကော ဖြစ်လောက်ပါသလား၊ ဘယ်လောက်အားကိုးရတဲ့ ဝီရိယပါလဲ။

http://www.dhammadownload.com


## အစွမ်း

မမြင်နိုင်သော စွမ်းအားတို့ကား လက်မခံ၍ မရလောက်အောင် အစွမ်းပြတတ်ကြပါ၏။

## တစ်စတစ်စ

အစွမ်းအစကို တစ်စတစ်စ သိလာကြသူတို့သည် တစ်စတစ်စ တိုး၍ တိုး၍ အားကိုးလာကြ၏။ မြတ်နိုးလာကြ၏။ တန်ဖိုးထားလာကြ၏။ အလေးပြုလာကြ၏။

## လေးစားမှု

အချိန်ကို မလေးစားရင် လောကလူအများရဲ့ လေးစားခြင်းကို မခံယူရ။
အချိန်ကို လေးစားမှ လောကလူအများရဲ့ လေးစားခြင်းကို ခံယူရသည်။

## အတိုအစ

အချိန်အတိုအစလေးတွေကို အောင်မြင်ကျော်ကြားသူတို့က အကျိုးရှိအောင် အသုံးချတတ်ကြသည်။

http://www.dhammadownload.com


# အအိပ်မက်လို့

အအိပ်မက်လို့ အောက်ကျခဲ့တာ များလှပါပြီ။

## နှမြောမှု

အချိန်ကို မနှမြောရင် လောကလူသားတို့ရဲ့
နှမြောတသမှုကို မခံယူရ။
အချိန်ကို နှမြောမှ လောကလူသားတို့ရဲ့
နှမြောတသမှုကို ခံယူရသည်။

## ရွှေ

ကိုယ့်အလုပ်၌ စိတ်ကို မမြှုပ်နှံနိုင်သူတို့သည် သူတစ်ပါးကို ကဲ့ရဲ့သဂြိုဟ် အပြစ်ဆိုခြင်း, အပြစ်ရှာခြင်းတို့ဖြင့် ရွှေပမာ အချိန်တို့ကို အမှိုက်ပမာ အလဟဿ ဖြုန်းတီးနေကြလေ၏။
ကိုယ့်အလုပ်၌ စိတ်ကို မြှုပ်နှံထားသူတို့ကား ကိုယ့်အလုပ်ပြီးမြောက်ရေးကိုသာ ဂရုစိုက်ကြလေ၏။ အချိန်ကို ရွှေပမာ တန်ဖိုးထားကြလေ၏။

http://www.dhammadownload.com


## စိတ်ရှည်ပါ

စိတ်ရှည်ခြင်းသည် များသော ပြဿနာကို နည်းသွားစေ၏။ နည်းသော ပြဿနာကို ပျောက်သွားစေပါ၏။

## တစ်ဝက်

စိတ်အေးအေးထား၍ ပြဿနာကို ဖြေရှင်းနိုင်ရင် မဖြေရှင်းခင်က တစ်ဝက် ပြေလည်သွားနှင့်လေ၏။

## ရှင်းမှ ရှင်း

ပြဿနာတို့ကို စိတ်ရှုပ်ရှုပ်ဖြင့် ရှင်းလျှင် ပို၍ ရှုပ်လာတတ်ပါ၏။ စိတ်ရှင်းရှင်း, စိတ်ရှည်ရှည်, စိတ်အေးအေးဖြင့် ရှင်းလျှင် ရှင်းသွားကြပါ၏။ ရှင်းမှ ရှင်းပါ၏။

## ရှည်မှ ရှင်း

စိတ်ရှုပ်စရာ တွေ့လျှင် စိတ်ရှည်မှ ရှင်းပါသည်။

http://www.dhammadownload.com


## အေးချမ်းစွာ

အပြစ်ပေါ်လာရင် အပြစ်ပြောမနေဘဲ ကြောင်းကျိုးပြကာ ပြောပြတတ်ပါလျှင် အေးချမ်းစွာ ပြေငြိမ်းပြီး ပျောက်သွားလေ၏။

## အစွမ်းအစ

စာဖတ်တတ်ပါလျက် စာတွေကို မဖတ်သူသည် စာမဖတ်တတ်သူနှင့် တူသွားတော့၏။

နားကြားပါလျက် နားမထောင်တတ်သူသည် နားမကြားသူနှင့် တူသွားတော့၏။

မျက်စိမြင်ပါလျက် မကြည့်တတ်သူသည် မျက်ကန်းနှင့် တူသွားတော့၏။

အသိဉာဏ်ရှိပါလျက် မတွေးသူသည် ဉာဏ်မရှိသူနှင့် တူသွားတော့၏။

ရှိတဲ့ အစွမ်းအစကို အသုံးချမှသာ အသုံးကျသော အစွမ်းအစ ဖြစ်သွားရပါ၏။

http://www.dhammadownload.com

## ဝတ်ရင်

အစာကို ဝတ်သလောက် စာကို ဝတ်ရင် စာ တတ်ကို တတ်ပါ၏။

## စာ

မရ-မရဲ, ရမှ ရဲ, ရဲရန် ရရမည်။

## မပြန်ရင် ပြန်သည်

စာကို ကိုယ်က မပြန်ရင် စာက ကိုယ့်ထံမှ ပြန်သွားသည်။

## အံ့သြဖွယ်

ကိုယ့်ထံမှ အခွင့်အရေးကိုသာ ယူလိုကြပြီး ကိုယ့်ကို အကူအညီပေးဖို့မူ မသိချင်ယောင် ဆောင်တတ်သူတွေ လောကကြီးမှာ ရှိကြပါ လေ၏။ အံ့သြဖွယ်ပါပေ။

## ခွေးလောက်မှ

ကိုယ့်မှာ အခက်အခဲကြုံလာတဲ့အခါ ကိုယ် မွေးထားတဲ့ ခွေးလောက်မှ အားကိုးမရတဲ့ လူ တွေကို ဘာကြောင့် အားကိုးရပါအံ့နည်း။

http://www.dhammadownload.com



## ရဲရဲကြီး

ပညာမဲ့သူတွေ ရာထောင်မက မိုးမွှန်အောင် ချီးမွှမ်းနေကြပါစေ။ ပညာရှိတစ်ယောက် ကဲ့ရဲ့ခံရလျှင်ကား ထိုအမှုကို သတိပြု၍ ပြုပြင်ရမည်သာ။

ပညာမဲ့သူတွေ ရာထောင်မက ကဲ့ရဲ့နေကြပါစေ၊ ပညာရှိတစ်ယောက် ချီးမွှမ်းခံရလျှင်ကား ထိုအမှုကို ရဲရဲကြီး ဆက်လုပ်ရပါမည်။

## စူးရှသူ

ပရိသတ် အခြေအရံတွေ များပြီး လူတွေ အထင်ကြီးသော ဂုဏ်တွေ ရရှိနေမှ လူအများက အောင်မြင်သည်ဟု ယူဆတတ်ကြသော်လည်း အမြင်စူးရှစွာ မြင်တတ်သူတို့ကား အရေအတွက်ထက် အရေအသွေးကိုသာ တန်ဖိုးထားတတ်ကြပါသည်။

http://www.dhammadownload.com



## အရည်အသွေး

အခက်အခဲတို့ကို ရင်ဆိုင်ဖြေရှင်းရမှသာ အရည်အသွေးသည် ပေါ်လွင်ရစမြဲ ဖြစ်ပါ၏။

## စွန့်လွှတ်

ကိုယ့်ကျိုးကို မစွန့်လွှတ်နိုင်သူကို ကောင်းကျိုးတို့က စွန့်လွှတ် ထွက်ခွာ သွားတတ်ကြလေသည်။

## ဩဇာ

ဩဇာအာဏာသုံးလွန်းသူသည် ဩဇာဖြုန်းသဖြင့် ဩဇာ သုဉ်းသွားတတ်လေသည်။

## ဆရာ

ဆရာမလုပ်တတ်သူတို့သည် ဆရာလုပ်လွန်းချင်တတ်ကြလေ၏။

http://www.dhammadownload.com


## အထင်

မကောင်းဘူးဟု ထင်နေသော အရာသည် ကောင်းနေတတ်၏။ ကောင်းမည်ဟု ထင်ရသော အရာသည်လည်း မကောင်းဖြစ်နေတတ်၏။ အထင်သည် အထင်မျှသာ၊ အမှန်မဟုတ်ပါ။

## မျက်ကန်း

အဖြစ်မှန်အတိုင်း မသိရသေးလျှင် မကောင်းကိုလည်း အကောင်းထင်တတ်၏။ အကောင်းကိုလည်း မကောင်းထင်တတ်သည်။ မျက်ကန်းပမာတည်း။

## အမှောင် အလင်း

အမှန်ကို မသိမှု မောဟအမှောင် လွှမ်းနေသမျှ အမှန် သိမှု အလင်းရောင် ကွယ်ပျောက်နေရသည်သာ။

အမှောင် ရောက်ရင် အလင်းပျောက်ရစမြဲပါပဲ။

http://www.dhammadownload.com



## အမှန်အတိုင်း

မတည်မြဲသည့်အရာကို တည်မြဲသည်ဟု ထင်မြင်ယူဆထားလျှင် မတည်မြဲမှုကို ကိုယ်တိုင်မြင်တွေ့လာရသောအခါ စိတ်မသက်မသာဖြစ်ရတတ်သည်။ မတည်မြဲဟု အမှန်အတိုင်းယူဆထားလျှင်ကား စိတ်သက်သာရာ ရပေသည်။

## မြွေပွေးနှင့် ရေမြွေ

ရေမြွေပွေးကို ရေမြွေထင်၍ သွားကိုင်လျှင်ဒုက္ခ အကြီးအကျယ် ရောက်ရလိမ့်မည်။ မြွေပွေးလိုလူကို ရေမြွေလိုလူ ထင်ကာ သွားပြုမူလျှင်လည်း ထိုနည်းတူပင်တည်း။

## အချိန်အခါ

လောကကြီးမှာ မြွေပွေးလို ပြုမူရသည့်အချိန်အခါ ရှိသလို ရေမြွေလို ပြုမူရသည့်အချိန်အခါလည်း ရှိပါသည်။

http://www.dhammadownload.com


## မြှုပ်သွား

သူတစ်ပါးကို မြှုပ်သွားစေချင်သူဟာ သူတစ်ပါး မြှုပ်မသွားဘဲ ကိုယ်သာ မြှုပ်သွားတတ်လေ၏။

## ဖောချင်း သောချင်း

သူ့ကို ညှိုးမှိန်သေးသိမ်သွားစေဖို့ ကြိုးစားကြသော်လည်း သူက မညှိုးမှိန်, မသေးသိမ်ဘဲ တောက်ပကြီးကျယ်လာသည့်အခါ ထိုကြိုးစားသူတို့မှာ အကုသိုလ်တွေကို ဖောချင်း သောချင်း ဝယ်ယူနေကြလေ၏။

## စေတနာဆိုး

သူတစ်ပါးအား ဒုက္ခရောက်စေလိုသော စေတနာဆိုးသည် ကိုယ့်အား ဆိုးသွမ်းသော အကျိုးအမျိုးမျိုး ပြန်၍ ပေးတတ်သည်ကို လူတို့ သတိမမူဘဲ ရှိနေတတ်ကြ၏။

ကိုယ့်စေတနာသည် ကိုယ့်ထံ ပြန်လာတတ်ပါ၏။

http://www.dhammadownload.com


## အပူ, အပုတ်

ခန္ဓာကိုယ်ထဲမှာ အပူ, အပုတ်တွေများနေလျှင် ခန္ဓာကိုယ် မပေ့ါပါး မသွက်လက်။
စိတ်ထဲမှာ အပူ, အပူတွေ များနေလျှင်လည်း စိတ်မပေ့ါပါး မသွက်လက်။

## စိတ်

ကောင်းသောအလုပ်၌ မြုပ်နှစ်နိုင်သော စိတ်သည် ကောင်းကျိုးအမျိုးမျိုးတို့ကို တနင့်တပိုး သယ်ပိုးလာလေ၏။
ကောင်းဆိုးလောကဓမ်တို့ကို မဖြုံပါပေ။ မမှုပါပေ။

## ခွေး

ခွေးသည် ရှူးရှူးတိုက်ပေးတိုင်း ဟောင်တတ်, ကိုက်တတ်၏။ ပညာမဲ့သူသည်လည်း ရှူးရှူးတိုက်ပေးတိုင်း ဟောင်တတ်, ကိုက်တတ်လေ၏။

http://www.dhammadownload.com



## အစီစီ အရီရီ

လူ့လောကကြီးအား ဒီနည်းနဲ့ ကျေးဇူးပြုလို့ မရသေးရင် ကျေးဇူးပြုလို့ ရသော အခြားနည်းလမ်းတွေ လောကကြီးမှာ ရှိနေကြပါသေးသည်။

ကျေးဇူးပြုလိုသော စိတ်ဓာတ် မပျောက်ကွယ်သေးသမျှ နည်းလမ်းတို့သည် အသစ်သစ် အစီစီ အရီရီ ထွက်ပေါ်လာကြမည်သာ။

## အရောင်ဆိုးခြင်း

ပညာမရှိသူတို့၏ ယုံကြည်မှုသဒ္ဓါသည် ပတ်ဝန်းကျင်က ဆိုးပေးသော အရောင်အလိုက် လှုပခြင်း, အကျည်းတန်ခြင်းသို့ ရောက်သွားတတ်ပါ၏။

ပညာရှိသူတို့၏ သဒ္ဓါသည်ကား ပတ်ဝန်းကျင်က ဆိုးပေးသော အရောင်နောက် မလိုက်၊ ပင်ကိုယ်အတိုင်းပင် လှပတောက်ပနေသည်။

http://www.dhammadownload.com



# ရုပ်သေးရုပ်

အသိဉာဏ်ရှိသူသည် ကြိုးဆွဲတိုင်း ကတတ်သော ရုပ်သေးရုပ် မလုပ်။

အသိဉာဏ်မရှိသူ လူမိုက်တို့သည် ရုပ်သေးရုပ်လိုလူကို နှစ်ခြိုက်ကြည်ဖြူတတ်ကြလေ၏။

သာမဏေကျော်

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်၊
လှော်ကားဥယျာဉ်အနီး၊
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။